## 3 ဒေသအခွန်

ဒေသအခွန်ဆိုသည်မှာ သင်၏ ယခင်နှစ် ဝင်ငွေအပေါ် မူတည်၍ တွက်ချက်ထားသော အခွန်ပမာဏကို ဇန်နဝါရီလ ၁ရက်နေ့တွင် သင်လက်ရှိ နေထိုင်သော ခရိုင်၊ မြို့နယ်တွင် ထမ်းဆောင်ရသော အခွန်ဖြစ်ပြီး၊ နေထိုင်မှုအခွန်နှင့် မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်မှုပစ္စည်းခွန်၊ ဧပြီလ ၁ရက်နေ့ လက်ဝယ်ပိုင်ဆိုင်သူမှ ပေးဆောင်ရသော မော်တော်ယာဉ်ခွန် စသည်တို့ပါဝင်သည်။

## 3-1 နေထိုင်မှုအခွန်

### (1)နေထိုင်မှုအခွန်ဆိုသည်မှာ

နေထိုင်မှုအခွန်ဟူသည် သင်နေထိုင်လျှက်ရှိသော ဒေသ၏ "နေထိုင်သူ" အဖြစ် နေထိုင်လျက်ရှိသည့် အတွက် နေထိုင်ရန်အတွက် ကျခံရသော ကုန်ကျစရိတ်ကဲ့သို့ဖြစ်သည်။ နေထိုင်မှုအခွန်သည် အညီအမျှခွဲခြမ်းခြင်း နှင့် ဝင်ငွေအချိုးကျပေးခြင်းမှ ဖြစ်တည်သည်။

အညီအမျှခွဲခြမ်းခြင်း = ဝင်ငွေပမာဏ နှင့် မသက်ဆိုင်ပဲ ကောက်ယူသော သတ်မှတ်ပုံသေအခွန်ငွေ

**နေထိုင်မှုအခွန်** = အညီအမျှခွဲခြမ်းခြင်း + **ဝင်ငွေအချိုးကျပေးခြင်း**

ဝင်ငွေအချိုးကျပေးခြင်း = ဝင်ငွေပမာဏပေါ် မူတည်ကာ ကောက်ယူသော အခွန်ငွေ

※တိုကျိုမြို့တော်၏ ၂၃ဒေသ၏ အခွန်အခြေအနေသည် အခွန်၂မျိုး "အထူးဒေသနေထိုင်မှုအခွန်" နှင့် "မြို့တော်နေထိုင်မှုအခွန်" တို့ကို ပေါင်းစပ်ထားသော နေထိုင်မှုအခွန်ဟုခေါ်သည်။ အခြားသော ဒေသများ၏ အခွန်အခြေအနေသည် အခွန်၂မျိုး "ခရိုင်နေထိုင်မှုအခွန်" နှင့် "မြို့နယ်နေထိုင်မှုအခွန်" တို့ကို ပေါင်းစပ်ထားသော နေထိုင်မှုအခွန်ဟုခေါ်သည်။

CLAIR ဒေသန္တရအစိုးရများနိုင်ငံတကာဆက်ဆံရေးကူညီထောက်ပံ့မှုအဖွဲ့

## (2) နေထိုင်မှုအခွန် အကြောင်းကြားခြင်း

မြို့ရွာအတွင်းတွင် လိပ်စာရှိသော သူသည် အခြေခံအားဖြင့် ၄င်းနှစ်၏ ဖေဖော်ဝါရီလ ၁၆ရက်နေ့မှ မတ်လ ၁၅ရက်နေ့အထိ သက်ဆိုင်ရာ ရုံးဌာနတွင် နေထိုင်မှုအခွန် အကြောင်းကြားစာကို တင်ပြလျှောက်ထားရမည် ဖြစ်သည်။ သို့သော် အောက်ပါပုဂ္ဂိုလ်တို့သည် အကြောင်းကြားရန်မလိုပေ။

･လစာဝင်ငွေရရှိသူ၊ ပင်စင်ဝင်ငွေရရှိသူ၊ ယခင်နှစ်အတွင်းတွင် လစာနှင့် ပင်စင်အပြင် အခြားဝင်ငွေမရှိခဲ့သူ

･အခွန်ဌာနသို့ ဝင်ငွေအကြောင်းကြားထားခဲ့သူ

･အထူးသဖြင့် မြို့နယ်၏ ဥပဒေများအရ သတ်မှတ်ထားသောသူ

## (3) နေထိုင်မှုအခွန် ထမ်းဆောင်ပုံနည်းလမ်းများ (အထူးကောက်ခံခြင်း နှင့် သာမန်ကောက်ခံခြင်း)

နေထိုင်မှုအခွန်ကို ထမ်းဆောင်ရာတွင် အထူးကောက်ခံခြင်း နှင့် သာမန်ကောက်ခံခြင်း ဟူ၍ အမျိုးအစား ၂မျိုးရှိသည်။

| | |
|---|---|
| **အထူးကောက်ခံခြင်း** | လစာမှ ကြိုတင်ကောက်ခံခြင်းဖြင့် ထမ်းဆောင်သောနည်းလမ်းဖြစ်ပြီး လစာဝင်ငွေရရှိသူ၏ အလုပ်ရှင်မှ လစဉ် လစာငွေထဲမှ အခွန်ပမာဏကို နှုတ်ထားပြီး ၄င်းကိုစုပေါင်းကာ လစဉ်အခွန်ပမာဏကို နောက်လ၏ ၁၀ရက်နေ့ မတိုင်မီ ပေးသွင်းခြင်း။ |
| **သာမန်ကောက်ခံခြင်း** | ကိုယ်ပိုင်လုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်း စသည့် လုပ်ကိုင်သူများသည် ဇွန်လတွင် မြို့နယ်ရုံးများမှ ထုတ်ပေးသော အခွန်ထမ်းဆောင်ခြင်း အသိပေးစာဖြင့် တစ်နှစ်လျှင် လေးကြိမ်ခွဲပြီး ထမ်းဆောင်နိုင်သည်။ အခွန်ထမ်းဆောင်ခြင်းသည် အနီးဆုံး ဘဏ်၊ စာတိုက် စသည်တို့တွင် ပေးသွင်းနိုင်သည်။ ထို့အပြင် ဘဏ်နှင့် စာတိုက် အကောင့်စာရင်းများမှ နှုတ်ယူဖြတ်တောက်ခြင်း (အလိုအလျောက် ပေးသွင်းခြင်း) ဖြင့်လည်းထမ်းဆောင်နိုင်သည်။ |